သတင်းထုတ်ပြန်ချက်
ချက်ချင်းထုတ်ပြန်ရန်
၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၆ ရက်

# ကမ္ဘာ့အကြီးမားဆုံး စကားဝိုင်းတွင် မြန်မာနိုင်ငံ ပါဝင်ဆွေးနွေး

ရန်ကုန် - မြန်မာနိုင်ငံမှ အကြီးတန်းသံတမန်များနှင့် နိုင်ငံခြားရေးကျွမ်းကျင်ပညာရှင်များက ကုလသမဂ္ဂအဖွဲ့ကြီးသည် ရာသီဥတုပြောင်းလဲမှုနှင့် ကပ်ရောဂါများ ဖြစ်ပွားမှုကဲ့သို့ ကမ္ဘာပေါ်တွင် ကြုံတွေ့လာရသည့် စိန်ခေါ်မှုအသစ်များကို တုံ့ပြန်ဆောင်ရွက်နိုင်ရန် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် လိုအပ်သည်ဟု အကြံပြုခဲ့ကြပါသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့်နောက် ၁၉၄၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကုလသမဂ္ဂအဖွဲ့ကြီး၏ ၇၅ နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် ပါဝင်ဆင်နွှဲမှုတစ်ခုအနေဖြင့် သံတမန်များက Skynet One News မှ စီစဉ်သော အထူးအစီအစဉ်တစ်ခုတွင် ပါဝင်ခဲ့ကြခြင်း ဖြစ်ပါသည်။ ထိုအစီအစဉ်အား UN မြန်မာ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် Facebook Live အဖြစ် ထုတ်လွှင့်ခဲ့ပြီး ယခုလာမည့် တနင်္ဂနွေနေ့တွင် Skynet One News ရုပ်သံလိုင်းမှ Dr. စုစုသာထွန်း၏ အစီအစဉ် နှင့်အတူ ထပ်မံထုတ်လွှင့်ပေးသွားမည် ဖြစ်ပါသည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Antonio Guterres က ကုလသမဂ္ဂအဖွဲ့ကြီး၏ အနာဂတ် ကို ပုံဖော်ရာတွင် အထောက်အကူဖြစ်စေမည့် “ကမ္ဘာ့အကြီးမားဆုံးသော စကားဝိုင်း” ကို ကျင်းပလိုကြောင်း ပြောကြားခဲ့ပြီး မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့သည် တူညီသည့် ပန်းတိုင်များအတွက် ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးမှု (multilateralism) ၏ အနာဂတ်အကြောင်း ဆွေးနွေးသည့်

စကားဝိုင်းကို ကျင်းပခဲ့ပါသည်။ Facebook Live ပရိတ်သတ်များက မေးခွန်းအများအပြားကို မေးမြန်း၍ ပါဝင်ဆွေးနွေးခဲ့ကြပါသည်။

မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ (MISIS) ၏ တွဲဖက်အတွင်းရေးမှူးနှင့် လူသိများထင်ရှားသော အငြိမ်းစားမြန်မာသံအရာရှိတစ်ဦးလည်း ဖြစ်သူ ဦးခင်မောင်လင်းက မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ကြီးနှင့် အလွန်ကောင်းမွန်သော ဆက်ဆံရေး ရှိခဲ့ပြီး ကုလသမဂ္ဂ အဖွဲ့သည် ခေတ်သစ်ကမ္ဘာကြီးနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြုပြင်ညှိနှိုင်းမှုများ ပြုလုပ်ရမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

"ကုလသမဂ္ဂအဖွဲ့ကြီးသည် အသက်များကို ကယ်တင်ပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ကလေး သေဆုံးမှုနှုန်း ထက်ဝက်ကျဆင်းသွားစေရန်နှင့် အာဟာရကျွေးမွေးရေးအစီအစဉ်များမှတစ်ဆင့် ကျောင်းနေသည့် ကလေးငယ်များ၏ အာဟာရအခြေအနေ တိုးတက်လာစေရန် ကူညီပေးခဲ့ကြောင်း” ဦးခင်မောင်လင်းက ဆိုပါသည်။

"ကုလသမဂ္ဂအဖွဲ့ကြီးသည် ယနေ့ခေတ် ကမ္ဘာကြီးနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်နိုင် ပါသလား” ဟု ၎င်းက မေးခွန်းထုတ်ပါသည်။

"ကုလသမဂ္ဂသည် မိမိကိုယ်မိမိ ပြန်လည်ဆန်းစစ်ရန် လိုကြောင်း၊ ယနေ့ခေတ်သစ်ကမ္ဘာကြီး၏ အခြေအနေကို သုံးသပ်ဆင်ခြင်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့အစည်းများအား ယခုထက်ပို၍ ပူးပေါင်းပံ့ပိုးပေးနိုင်ပြီး ကမ္ဘာကြီးအား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များဆီသို့ ရောက်ရှိအောင် ကူညီပေးနိုင်ကြောင်းလည်း ဦးခင်မောင်လင်းက ပြောကြား သွားပါသည်။

မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးဖြစ်သူ Ms. Suphatra Srimaitreephitak က ကုလသမဂ္ဂအဖွဲ့ အနေဖြင့် အကျိုးဆက်စပ်သက်ဆိုင်သူများအားလုံးကို အကျိုးပြုနိုင်စွမ်း ရှိရမည်ဖြစ်ပြီး လျော်ကန် သင့်မြတ်မှုနှင့် အဓိပ္ပါယ်ပြည့်ဝမှု ရှိရမည်ဖြစ်ကြောင်း ပြောကြားပါသည်။

မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး Mr. Christian Lechervy က ၇၅ နှစ်တာ ကာလအတွင်း ကုလသမဂ္ဂအဖွဲ့ကြီး၏ အရေးပါသော အခန်းကဏ္ဍအကြောင်း ဆွေးနွေးခဲ့ပါသည်။

"ကုလသမဂ္ဂအဖွဲ့ကြီးသည် ငြိမ်းချမ်းရေးအတွက် မိမိတို့ အသုံးပြုစရာ အကောင်းဆုံး ကိရိယာ တစ်ခု ဖြစ်ကြောင်း”
“အနာဂတ်ကမ္ဘာကြီးအတွက် မိမိတို့ ဆောင်ရွက်ရမည့်အရာမှာ ကမ္ဘာလုံးဆိုင်ရာ၊ ဒေသတွင်းနှင့် ဒေသခွဲအဆင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ကြရန်ပင် ဖြစ်ကြောင်း”
“ကုလသမဂ္ဂအဖွဲ့ကြီး၏ လုပ်ဆောင်ချက်များနှင့် စုပေါင်းဆောင်ရွက်မှုများ၏ ရလဒ်အဖြစ် လွန်ခဲ့သော နှစ်ပေါင်း ၃၀ အတွင်း ပဋိပက္ခအရေအတွက်သည် လျော့နည်းသွားကြောင်း”
“လူ့အခွင့်အရေးများကို သဘောတူစာချုပ်ပေါင်း ၈၀ ကျော်ဖြင့် ကာကွယ်စောင့်ရှောက်ပေးခဲ့ ကြောင်း၊ အားပေးမြှင့်တင်ခဲ့ကြောင်း”
“ထို့ပြင် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာဦးစားပေးလုပ်ငန်းစဉ်ကိုလည်း ချမှတ်ပေးခဲ့ကြောင်း” ဆွေးနွေး ခဲ့ပါသည်။

ကုလသမဂ္ဂအဖွဲ့တွင် ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်ခဲ့သူ သမိုင်းပညာရှင်နှင့် နိုင်ငံခြားရေး ကျွမ်းကျင်ပညာရှင် Dr သန့်မြင့်ဦးက ကုလသမဂ္ဂအဖွဲ့ကြီးသည် မကြာခဏဆိုသလို အခြားအဖွဲ့ အစည်းများမှ ဖြေရှင်းနိုင်ခြင်း မရှိသည့် “အလွန်လက်ဝင်သော သို့မဟုတ် အလွန်ခက်ခဲသော” ပြဿနာများကို တာဝန်ယူဖြေရှင်းပေးခဲ့ရသည့် အဖွဲ့အစည်းဖြစ်သည်ဟု ဆိုပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီး၏ ဗျူရိုကရေစီယန္တရားကို ပြန်လည်ဖွဲ့စည်းတည်ဆောက်ရန် Dr သန့်မြင့်ဦးက တိုက်တွန်းခဲ့ပါသည်။ “အဖွဲ့ဝင်နိုင်ငံများက ကုလသမဂ္ဂအဖွဲ့ကြီး၏ ဗျူရိုကရေစီ ယန္တရားအတွင်း ကိုယ့်လူကိုယ် ထည့်သွင်းနေကြသည့် စနစ်မှ ဖယ်ခွာရန် လိုအပ်နေပြီဖြစ်ကြောင်း၊ ယင်းသည် အဖွဲ့ အစည်း၏ ဗျူရိုကရေစီယန္တရားကို လှိုက်စားစေပြီး ဝန်ထမ်းများ၏ စိတ်ဓာတ်ရေးရာကိုလည်း ထိခိုက်စေကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးတွင် ရနိုင်သမျှ အတော်ဆုံးသူများ ရရှိရန် လိုအပ်ကြောင်း” ၎င်းက ပြောကြားခဲ့ပါသည်။

ဖွံ့ဖြိုးမှုကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ်သည့် Myanmar Health and Development Consortium ကို တည်ထောင်သူနှင့် ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်စန္ဒီလွင်က ကုလသမဂ္ဂအဖွဲ့ကြီးသည် အားလုံး ပါဝင်နိုင်သော ဆွေးနွေးဖလှယ်မှုများမှတစ်ဆင့် COVID-19 ကို တုံ့ပြန်ဆောင်ရွက်နိုင်ရန် အကောင်း ဆုံးအနေအထားတွင် ရှိခဲ့ကြောင်း ထောက်ပြဆွေးနွေးပါသည်။

"ကုလသမဂ္ဂအဖွဲ့ကြီးသည် ပူးပေါင်းဆောင်ရွက်မှုဝန်းကျင်အနေအထားတစ်ခုကို ဖန်တီးပေးကြောင်း၊ ယင်းသည် COVID-19 အတွက် ကာကွယ်ဆေး အဆင်သင့်ဖြစ်လာချိန်တွင် အထူးပင် အရေးပါလာမည်ဖြစ်ကြောင်း" သူမက ပြောကြားခဲ့ပါသည်။

ဤအစီအစဉ်ကို Dr. စုစုသာထွန်းမှ ဦးဆောင်ခဲ့ပါသည်။ Dr. စုစုသာထွန်းသည် One News ရုပ်သံလိုင်းတွင် မြန်မာနိုင်ငံရှိ အများစိတ်ဝင်စားသော ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အမြင်များနှင့် ဆွေးနွေးမှုများကို ပိုမိုကျယ်ပြန့်သည့် ဒေသတွင်းနှင့် နိုင်ငံတကာ အခြေအနေများကို နောက်ခံပြုလျက် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် တင်ဆက်နေသည့် ပထမဆုံးသော ရုပ်မြင်သံကြား အစီအစဉ်မှ အစီအစဉ်တင်ဆက်သူတစ်ဦး ဖြစ်ပါသည်။

ယခင်က မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး၏ အကြီးတန်းအကြံပေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ Dr. စုစုသာထွန်းက အွန်လိုင်းဖေ့စ်ဘွတ်ခ် ပရိတ်သတ်ထံမှ မေးခွန်းများ တောင်းခံခဲ့ပါသည်။

ဦးခင်မောင်လင်းက မြန်မာနိုင်ငံသည် ဒီမိုကရေစီ ထုံးတမ်းစဉ်လာများ လက်ခံကျင့်သုံးခြင်းဖြင့် နိုင်ငံတကာအသိုက်အဝန်းဆီသို့ ပြန်သွားနေခြင်းဖြစ်ကြောင်း အစီအစဉ်ကို ကြည့်ရှုနေသူများအား ပြောကြားခဲ့ပါသည်။

"သို့သော် ဤအတွက် စိတ်ရှည်မှုနှင့် သည်းခံမှုများ လိုအပ်ကြောင်း မိမိတို့၏ မိတ်ဆွေများအနေဖြင့် နားလည်ရမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့အပါအဝင် နိုင်ငံတကာ အသိုက်အဝန်းသည် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းကို နားလည်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအား သင်တန်းပေးခြင်း၊ အသိပညာဗဟုသုတများအတွက် ပို၍ ရင်းနှီးမြှုပ်နှံပေးခြင်းများ ပြုလုပ်သင့်ကြောင်း" ပြောကြားပါသည်။

"နှစ်ပေါင်း ၇၀ အတွင်း ပြည်တွင်းငြိမ်းချမ်းရေး မရရှိခဲ့ခြင်းမှာ ဝမ်းနည်းဖွယ်ဖြစ်ကြောင်း၊ ထိုအတွက် အချိန်နှင့် နားလည်မှုများ ပို၍ လိုအပ်မည်ဖြစ်ကြောင်း" လည်း ပြောကြားခဲ့ပါသည်။

ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုညှိနှိုင်းရေးမှူး Ola Almgren က ပါဝင်ဆွေးနွေးကြသူများအား ကုလသမဂ္ဂအဖွဲ့ကြီး၏ အနာဂတ်အတွက် စကားဝိုင်းကို ကျင်းပနိုင်အောင် ပါဝင်ကူညီပေးခဲ့ကြသည့်အတွက် ကျေးဇူးတင်စကား ပြောကြားပါသည်။

"ကုလသမဂ္ဂပြုပြင်ပြောင်းလဲမှုအချို့မှာ အောင်မြင်ခဲ့ပြီး အချို့မှာ အောင်မြင်မှုနည်းပါးခဲ့ကြောင်း၊ စုပေါင်းဆောင်ရွက်မှုများမှ အောင်မြင်မှုများ ရရှိခဲ့ကြောင်း" Mr Almgren က ဆိုပါသည်။

"ကုလသမဂ္ဂအဖွဲ့သည် ကမ္ဘာကြီး၏ အခက်အခဲများကို ဆွေးနွေး၍ အတူတကွအဖြေရှာနိုင်သည့် တစ်ခုတည်းသော နေရာဖြစ်ကြောင်း၊ ကမ္ဘာစစ်ကြီးနှစ်ခုကို အကြောင်းပြု၍ ကုလသမဂ္ဂအဖွဲ့ကြီးကို တည်ထောင်ခဲ့ချိန်မှစ၍ မျိုးဆက်သုံးဆက်ကျော် ဖြတ်သန်းခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ခေတ် လူအများအပြားက ကုလသမဂ္ဂအဖွဲ့အား အတိတ်မှ အရာတစ်ခုအဖြစ် မှတ်ထင်ယူဆနိုင်ကြောင်း"

"သို့သော်လည်း ကုလသမဂ္ဂအဖွဲ့ကြီး၏ အခြေခံအုတ်မြစ်ကို ထောက်မပေးထားသော အဓိက မဏ္ဍိုင်ကြီးသုံးခုဖြစ်သည့် အခြေခံလူ့အခွင့်အရေးများကို သက်ဝင်ယုံကြည်ခြင်း၊ တရားမျှတမှုနှင့် သဘောတူစာချုပ်များ၊ နိုင်ငံတကာဥပဒေများမှ ပြဋ္ဌာန်းပေးထားသော တာဝန်ဝတ္တရားများကို လေးစားလိုက်နာခြင်းနှင့် လူ့ဘောင်အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်းတို့သည် ရှေ့ယခင်ကနည်းတူ ယခုထက်တိုင်လည်း ကျိုးကြောင်းညီညွတ်မှု ရှိနေဆဲပင် ဖြစ်သည်ဟု ပြောကြားလိုကြောင်း"

"ဆက်လက်တည်ရှိနေသည့် တန်းတူညီမျှမရှိမှုများ၊ သန်းပေါင်းရာနှင့်ချီသည့် ယခုထက်တိုင် အလွန်အမင်းဆင်းရဲနွမ်းပါးလျက် ရှိနေကြသူများ၊ ကမ္ဘာတစ်ဝှမ်းရှိ လူသန်းပေါင်းများစွာအတွက် ဆင်းရဲဒုက္ခများကို ဆောင်ယူပေးလျက်ရှိသည့် ပဋိပက္ခများနှင့် ဆက်နွယ်၍လည်းကောင်း၊ ကျွန်ုပ်တို့၏ ကမ္ဘာကြီးကို ကယ်တင်ရန် ကျွန်ုပ်တို့ လျင်လျင်မြန်မြန် ဆောင်ရွက်ခြင်းမရှိပါက ဤကမ္ဘာမြေကြီး ပျက်သုဉ်းသွားနိုင်သည့် အမှန်တရားနှင့်ဆက်နွယ်၍လည်းကောင်း၊ ယနေ့ကမ္ဘာကြီးတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးတွင် ကုလသမဂ္ဂမဏ္ဍိုင်များသည် အားလုံးစုပေါင်းဆောင်ရွက်နိုင်ရန် လိုအပ်သည့် မူဘောင်တစ်ရပ်ပင် ဖြစ်ပါကြောင်း"

"ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ပေါ်ပေါက်လာသည့် ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းသည် ကမ္ဘာ့စိန်ခေါ်မှုများအတွက် တစ်ကမ္ဘာလုံး ပူးပေါင်းအဖြေရှာရန် လိုအပ်မှု၊ ထိုစိန်ခေါ်မှုများအတွက် ကမ္ဘာ့နိုင်ငံများကို အတူတကွစုစည်းပေးနိုင်မည့် အဖွဲ့အစည်းတစ်ရပ်အား လိုအပ်မှုတို့ကို ပေါ်လွင် ထင်ရှားစေသည့် နောက်ထပ်ဖြစ်ရပ်တစ်ခုပင် ဖြစ်ပါကြောင်း"

"မိမိ ကုလသမဂ္ဂတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ကာလတစ်လျှောက် မိမိတို့၏ လုပ်ဆောင်မှုများကို အသိအမှတ်ပြုကျေးဇူးတင်ကြသူအများအပြားနှင့် တွေ့ဆုံခဲ့ရသလို မိမိတို့အား ပြင်းပြင်းထန်ထန်

ဝေဖန်ကြသူများနှင့်လည်း တွေ့ဆုံခဲ့ဖူးကြောင်း၊ ထိုလူနှစ်မျိုးစလုံးကို မိမိအနေဖြင့် လက်ခံကြိုဆိုကြောင်း၊ ကနေ့ခေတ်ကမ္ဘာကြီး၏ စိန်ခေါ်မှုများကို ကြည့်လျှင် မိမိတို့သည် ယခုထက်ပို၍ စွမ်းဆောင်နိုင်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ကုလသမဂ္ဂအဖွဲ့ကြီး၏ ရှေ့ဆက်ရမည့် ခရီးတွင် မိမိတို့နှင့် မိမိတို့၏ အဖွဲ့ဝင်နိုင်ငံများအတွက် လိုအပ်သည့် လမ်းညွှန်မှုများ ရရှိစေရန် ကုလသမဂ္ဂအဖွဲ့ကြီးနှင့် စပ်လျဉ်းသည့် ကမ္ဘာ့စကားဝိုင်းကို ကျင်းပရခြင်းဖြစ်ကြောင်း” ဆက်လက်ပြောကြားပါသည်။

Mr Almgren က ကုလသမဂ္ဂအဖွဲ့ကြီး၏ အနာဂတ်အတွက် အများ၏ အမြင်သည့် အရေးကြီးသဖြင့် မိမိတို့၏ ထင်မြင်ချက်များကို ထုတ်ဖော်ပြောကြားပေးရန်နှင့် အွန်လိုင်းတွင် အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာ ဖြင့် ရရှိနိုင်သည့် နိုင်ငံတကာစစ်တမ်းကို ဖြေဆိုပေးကြရန် တိုက်တွန်းသွားပါသည်။

"ကျွန်တော်တို့ နားထောင်နေပါတယ်" ဟု Mr. Almgren က ပြောကြားသွားခဲ့ပါသည်။

ပြီး

အချက်အလက်များ ထပ်မံရရှိလိုပါက ဆက်သွယ်ရန် -

ဦးအေးဝင်း၊ UNIC, wina@un.org, 09 42106 0343